Prevent Child Abuse Indiana™
A Division of The Villages
A Chartered State Chapter of Prevent Child Abuse America



# သတင်းပို့ခြင်းအတွက် မရှိမဖြစ် လိုအပ်ချက်များ

## ၎င်းက ဘာကြောင့် အရေးပါသလဲ

ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် လျစ်လျူရှုမှု၏ အကျိုးဆက်များသည် တစ်ဦးတစ်ယောက်ချင်းစီကိုသာမက ကလေးများ၊ မိသားစုများနှင့် လူမှုအသိုင်းအဝိုင်း တစ်ခုလုံးအပေါ် ထိခိုက်စေသောကြောင့် ယင်းဖြစ်ရပ်ကို သတင်းပို့ရန် အရေးကြီးပါသည်။ ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုသည် ရုပ်ပိုင်းဆိုင်ရာ၊ အပြုအမူပိုင်းဆိုင်ရာ၊ လူမှုရေးနှင့် စိတ်ခံစားမှုဆိုင်ရာ ပြဿနာများကို ဖြစ်စေနိုင်ပြီး အသက်အငယ်ဆုံး ကလေးများတွင် ထိခိုက်နိုင်မှု အများဆုံးဖြစ်သည်။ နှစ်နှာသူ ကလေးအများစုသည် မိဘ၏ သို့မဟုတ် ၎င်းတို့သိထားသူတစ်ဦးဦး၏ ညှဉ်းပန်းနှိပ်စက်မှုကို ကြုံတွေ့ခံစားရပြီး လျစ်လျူရှုမှုသည် နိုင်ငံတစ်ဝန်းတွင် အဖြစ်အများဆုံး ညှဉ်းပန်းနှိပ်စက်မှု ပုံစံဖြစ်သည်။ ထိတ်လန့်စရာကောင်းသည်မှာ ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုသည် ဆယ်ကျော်သက်များ သေကြောင်းကြံစည်ရန် ကြိုးပမ်းမှုများတွင် တွေ့ရအများဆုံး အကြောင်းရင်းဖြစ်ပြီး အန္တရာယ်ရှိနေသော ကလေးများကို ကာကွယ်ပြီး ပံ့ပိုးကူညီရန်အတွက် သတိဝီရိယရှိစွာ သတင်းပေးပို့ရန် လိုအပ်ကြောင်း အလေးပေးဖော်ပြထားသည်။ ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုကို သတင်းပို့ခြင်းသည် ကလေးကို ကာကွယ်ပေးနိုင်ပြီး မိသားစုအတွက် အကူအညီရယူနိုင်သည်။

**Indiana ရှိ အရွယ်ရောက်သူအားလုံးအနေဖြင့် ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုကို သတင်းပို့ရမည်ဟု ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားသည်။**

### ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် လျစ်လျူရှုမှုဆိုင်ရာ သတိပေးလက္ခဏာများ

- မကြာခဏဖြစ်စေ၊ အကြောင်းရင်းမသိရဘဲဖြစ်စေ ပွန်းပဲ့ဒဏ်ရာများ သို့မဟုတ် ထိခိုက်ဒဏ်ရာများ ရရှိခြင်း
- လူကြီးများအနီး တွင် ကြောက်ရွံ့ နေခြင်း။
- လူကြီးများ၊ အခြား ကလေးများ သို့မဟုတ် တိရစ္ဆာန် များအပေါ် ရန်လို ခြင်း။
- အချိန်ကြာမြင့်စွာ နီးကြားနေနိုင်စွမ်း သို့မဟုတ် အာရုံစူး စိုက်နိုင်စွမ်း မရှိ ခြင်း။
- အိပ်စက်မှု သို့မဟုတ် စား သောက်မှု ပုံစံများ ပြောင်းလဲခြင်း။
- လုပ်ရှားမှုများ သို့မဟုတ် ပင်ကိုစရိုက် တွင် ရုတ်တရက် သိသာထင်ရှားသော ပြောင်းလဲမှု။
- အသက်အရွယ်နှင့် မအပ်စပ် သော လိင်ပိုင်းဆိုင်ရာ အပြုအမူများ ပြုလုပ်ခြင်း သို့မဟုတ် လိင်မှုကိစ္စတွင် စိတ်ပါဝင်စားမှုကို ပြသခြင်း။
- တစ်ကိုယ်ရေ သန့်ရှင်းမှု အားနည်းခြင်း

ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှု ဖြစ်နေကြောင်း သံသယရှိရုံမျှဖြင့် ချက်ချင်း သတင်းပေးပို့ခြင်း ပြုလုပ်သင့်သည်။ သက်သေအထောက်အထားပြရန် မလိုအပ်သော်လည်း သင့်အနေဖြင့် ရိုးဖြောင့်မှန်ကန်စွာ သတင်းပို့ရမည်။ သတင်းပေးပို့ရန် ပျက်ကွက်ပါက သို့မဟုတ် သိသိလျက်နှင့် မှားယွင်းသတင်းပို့ပါက ပြစ်မှုဆိုင်ရာ နှင့်/သို့မဟုတ် တရားမမှုဆိုင်ရာ တာဝန်ခံရနိုင်သည်။

## သတင်းပေးပို့ရမည့်နေရာ

Indiana တွင် ကလေးတစ်ယောက် အန္တရာယ်ပြုခံနေရသည်ဟု သင်သံသယရှိပါက ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှု တားဆီးရေး ဟော့လိုင်းနံပါတ် **1.800.800.5556** ကိုဖြစ်စေ၊ နိုင်ငံလုံးဆိုင်ရာ ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှု တားဆီးရေး ဟော့လိုင်းနံပါတ် **1.800.4.A.CHILD (1.800.422.4453)** ကိုဖြစ်စေ ဆက်သွယ်ပါ။ ကလေး၏ ကိုယ်စိတ်ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သောကြောင့် ဤသတင်းပေးပို့မှုများကို နှောင့်နှေးမနေဘဲ ချက်ချင်းပြုလုပ်သင့်သည်။

# သတင်းပို့ရမည့် အချက်များ

| | | | | |
|---|---|---|---|---|
| သိရှိထားပါက ကလေး၏ အမည်နှင့် နေရပ်လိပ်စာ။ | သိရှိထားပါက သံသယဖြစ်ဖွယ် ပြစ်မှုကျူးလွန်သူ၏ အမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ လိုင်စင်နံပါတ်ပြား။ | စိုးရိမ်ပူပန်သည့် ကိစ္စရပ်အကြောင်း ဖော်ပြချက် (သင်မြင်တွေ့ခဲ့သော သို့မဟုတ် ကြားခဲ့ရသော အကြောင်းအရာ)။ | အခြားသူများ ပါဝင်ပတ်သက်ကြောင်း သို့မဟုတ် အခြားသူများတွင် ညှဉ်းပန်းနှိပ်စက်မှုနှင့်ပတ်သက်သော နောက်ထပ်အချက်အလက်များ ရှိကြောင်း။ | သင့်အမည်နှင့် ဆက်သွယ်ရန်အချက်အလက်များ (သတင်းပို့ တိုင်ကြားမှုကို အမည်မဖော်ဘဲ ပြုလုပ်နိုင်သည်)။ |

## သတင်းပို့ တိုင်ကြားမှုများကို လျှို့ဝှက်ထားရှိသည်

သတင်းပို့ တိုင်ကြားမှု ပြုလုပ်သည့်အခါ အမည်ဝှက်ထားရန် ရွေးချယ်ခွင့်ရှိသော်လည်း သင့်အမည်နှင့် ဆက်သွယ်ရန် အချက်အလက်များကို ပေးနိုင်သည်။ သင့်အသေးစိတ်အချက်များကို မျှဝေခြင်းဖြင့် ဟော့လိုင်း ဝန်ထမ်းများက ၎င်းတို့၏ အကဲဖြတ်မှုနှင့် စုံစမ်းစစ်ဆေးမှုတွင် အထောက်အကူဖြစ်စေမည့် ထပ်ဆောင်းမေးခွန်းများကို နောက်ဆက်တွဲမေးနိုင်စေသည်။

## နောက်ထပ်ဘာဆက်ဖြစ်မလဲ။

သတင်းပို့ တိုင်ကြားမှုကို စုံစမ်းစစ်ဆေးပါမည်။ ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် လျစ်လျူရှုမှုကို တွေ့ရှိပါက ဖြစ်ရပ်အစီအစဉ်ကို ရေးဆွဲပြီး မိသားစုအတွက် ဝန်ဆောင်မှုများ ပံ့ပိုးပေးသည်။ ကလေး၏ ဘေးကင်းလုံခြုံမှုကို အန္တရာယ်ဖြစ်စေပါက နေအိမ်ပြင်ပတွင် ယာယီနေရာချထားခြင်းကို ခွင့်ပြုပေးနိုင်သည်။ သင့်လျော်သော သွေးသားတော်စပ်သူများ (ဆွေမျိုးများ) ကို ဖော်ထုတ်တွေ့ရှိပြီး ၎င်းတို့သည် နေရာချထားမှုဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက နေအိမ်ပြင်ပ ဆွေမျိုးများထံတွင် နေရာချထားခြင်းပြုလုပ်ရန် ဦးစားပေးပါသည်။ ကလေးကို နေအိမ်ပြင်ပတွင် ထားရှိပါက မိသားစု ပြန်လည်ပေါင်းစည်းရေးနှင့် တတ်နိုင်သမျှအမြန်ဆုံး ကလေးအိမ်သို့ပြန်နိုင်ရေး ဝန်ဆောင်မှုများကို စီစဉ်ပံ့ပိုးပေးထားသည်။

## ကြိုတင်တားဆီးရေးနှင့် ရင်းမြစ်များ

လေ့လာမှုများအရ မိသားစုအား အသိပညာပေးခြင်းနှင့် ပံ့ပိုးကူညီရေး အစီအစဉ်များ ဆောင်ရွက်ပေးခြင်းသည် ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှု သံသရာကို ပပျောက်အောင် တားဆီးနိုင်ကြောင်း သိရှိရပါသည်။ ပံ့ပိုးကူညီမှု၊ အချက်အလက်များနှင့် အစောပိုင်း ကြားဝင်ဖြေရှင်းမှုများကို ဆောင်ရွက်ပေးသော အစီအစဉ်များသည် ညှဉ်းပန်းနှိပ်စက်သော မိဘများအား ၎င်းတို့၏အပြုအမူကို ပြုပြင်တည့်မတ်လာအောင် ကူညီပေးရန်နှင့် ညှဉ်းပန်းနှိပ်စက်ခံရနိုင်ခြေများသော မိသားစုများအား အန္တရာယ်မကြုံရအောင် ပံ့ပိုးမှုပေးရန် အကောင်းဆုံး နည်းလမ်းများဖြစ်သည်။



### အချက်အလက်နှင့် ရင်းမြစ်များ

ကြိုတင်တားဆီးရေးနှင့် မိဘအုပ်ထိန်းမှုဆိုင်ရာ နောက်ထပ်အချက်အလက်နှင့် ရင်းမြစ်များအတွက် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ဖြစ်သော **www.pcain.org** သို့ ဝင်ရောက်ကြည့်ရှုပါ၊ **1.800.CHILDREN (1.800.244.5373)** သို့မဟုတ် **2-1-1 ဟော့လိုင်း** ကို ဖုန်းခေါ်ဆိုပါ။

### ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုကို သတင်းပို့ရန်

ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုကို သတင်းပို့ရန် **1.800.800.5556** သို့ ဖုန်းခေါ်ဆိုပေးပါ

### ကျွန်ုပ်တို့၏ ကြိုးပမ်းမှုများကို ပံ့ပိုးကူညီရန်

Kids First License Plate (ကလေးသူငယ် ကျန်းမာလုံခြုံရေး ဦးစားပေး လိုင်စင်ပြား) ကို ဝယ်ယူခြင်းဖြင့် ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုတို့ကို တားဆီးရန် နိုင်ငံတစ်ဝန်း ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးကူညီပါ။ နောက်ထပ်အချက်အလက်များအတွက် သင့်ဒေသတွင်း BMV သို့မဟုတ် www.in.gov/dcs/2456.htm သို့ ဝင်ရောက်ကြည့်ရှုပါ။

**အတူတကွဆိုလျှင် ကြိုတင်တားဆီးကာကွယ်နိုင်ပါသည်။**